**ငွေရေးကြေးရေးဈေးကွက်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် အထောက်အပံ့သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အကြား ငွေရေးကြေးရေးဈေးကွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်ယန်း (၅.၅၉၄) ဘီလီယံ တန်ဖိုးရှိ အထောက်အပံ့သဘောတူစာချုပ်အား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါ စီမံကိန်းသည် ၂၀၁၃ ခုနှစ်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အကောင်အထည်ဖော်ခဲ့သည့် ဗဟိုဘဏ်၏ ICT စနစ်ဖွံ့ဖြိုးမှုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော ဘဏ်များအကြား ငွေလွှဲပြောင်းခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ (Government Securities) စာရင်းရှင်းလင်းခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်သည့် ငွေကြေးကွန်ယက်စနစ် (CBM-NET System) ၏ လုပ်ငန်းများ ပိုမိုထိရောက် ကောင်းမွန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အဆင့်မြှင့်တင်ပေးရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပုဂ္ဂလိကအခန်းကဏ္ဍများတွင် ချေးငွေလိုအပ်ချက် မြင့်တက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်း၊ လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ငွေကြေးဝန်ဆောင်မှု အသုံးပြုခြင်းများ တဖြည်းဖြည်းတိုးတက်လာခြင်းတို့ကြောင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ကိုင်တွယ်ရသည့် ငွေကြေးပမာဏနှင့် သတင်းအချက်အလက်များ များပြားလာလျက်ရှိပါသည်။ များမကြာမီနှစ်များအတွင်း မိုဘိုင်းဘဏ်လုပ်ငန်း ဝန်ဆောင်မှုကဲ့သို့သော အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး လျင်မြန်စွာ တိုးတက်လာခြင်းနှင့်အတူ ငွေပေးချေမှုဆိုင်ရာ ဝန်ဆောင်မှုများ ပိုမို စွမ်းဆောင်ရည်တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကဘဏ်များ၏ Core Banking System နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET System တို့အကြား တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ပြင် ပိုမိုအားကောင်းခိုင်မာသော အမျိုးသား ငွေပေးချေမှုစနစ်ကို ဖော်ဆောင်နိုင်ပြီး နယ်ခြားဖြတ်ကျော်ငွေပေးချေမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ

တစ်ဆင့် နိုင်ငံတကာ အဆင့်မီဖွံ့ဖြိုးမှုလမ်းကြောင်းဆီသို့ ဦးတည်နိုင်စေရန်လည်း လိုအပ်လျက်ရှိပါသည်။

ယခု ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအသစ်အရ လက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဘဏ်လုပ်ငန်းကွန်ယက်စနစ်ကို အဆင့်မြှင့်တင်ခြင်းဖြင့် ငွေကြေးဝန်ဆောင်မှု အမျိုးမျိုးကို ပိုမိုထိရောက်လွယ်ကူစွာ ဆောင်ရွက်နိုင်စေမည့်အပြင် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်လည်း လိုက်လျောညီထွေဖြစ်စေပြီး မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုရှိစေရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ခေတ်မီသော ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်သည် မြန်မာနိုင်ငံရှိ ငွေကြေးမူဝါဒ ချမှတ်ဖော်ဆောင်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိ အထောက်အပံ့စီမံကိန်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် သင်တန်းများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။ ထိုသို့ပံ့ပိုးခြင်းသည် အမျိုးသားငွေပေးချေမှုစနစ် ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါသည်။